www.dhammadownload.com

မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အရှင်ကုဏ္ဍလာဘိဝံသ

ရေးသားစီရင်အပ်သော

# ပုဂ္ဂလိက မဟာလ္လကကျောင်းကြီး

## ဆောက်လုပ်ရာမှာ သိကောင်းစရာ

သာသနာ - ၂၅၅၂ ကောဇာ - ၁၃၇၀ ခရစ် - ၂၀၀၈

www.dhammadownload.com

# ဤစာအုပ်၌ သိကောင်းစရာ

| | | | |
|---|---|---|---|
| ၁။ | ဝတ္ထုပြလောကန | = | ကျောင်းနေရာကို ကြည့်ရှုခြင်း။ |
| ၂။ | ဝတ္ထုဒေသန | = | ကျောင်းနေရာကို ပြောကြားပေးခြင်း။ |
| ၃။ | အနာရမ္ဘ | = | ဘေးရန်မရှိခြင်း။ |
| ၄။ | သပရိက္ကမန | = | လှည့်လည်လောက်သည့် ဥပစာရှိခြင်း။ |

www.dhammadownload.com

မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အရှင်ကုဏ္ဍလာဘိဝံသ

ရေးသားစီရင်အပ်သော

# ပုဂ္ဂလိက မဟာလ္လကကျောင်းကြီး

## ဆောက်လုပ်ရာမှာ သိကောင်းစရာ

သာသနာ - ၂၅၅၂ ကောဇာ - ၁၃၇၀ ခုနှစ် - ၂၀၀၈

www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၉၀၄၀၆၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၀၁၆၀၁၀၇


## ထုတ်ဝေသူ

ဒု-ဗိုလ်မှူးကြီးတင်အောင် (ငြိမ်း)
သဒ္ဓမ္မရံသီစာပေ (၀၃၃၆၆)
အမှတ်-၇၊ ဇေယျာခေမာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၆၆၁၅၉၇၊ ၆၅၀၅၇၆

## အဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးသိန်းထွန်း (၀၄၈၂၂)
သိန်းထွန်းအော့ဖ်ဆက်
၅၀/၅၂၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၄၂၀၅၆

www.dhammadownload.com



သဒ္ဓမ္မရံသီရိပ်သာပဓာနနာယကဆရာတော်

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

အဘိဓဇမဟာရဋ္ဌဂုရု

ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ

www.dhammadownload.com

www.dhammadownload.com

# ပုဂ္ဂလိက မဟာလှကကျောင်းကြီး ဆောက်လုပ်ရာမှာ သိကောင်းစရာ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ ကိုးကွယ် ဆည်းကပ်နေကြသော သာသနာတော်ကြီးသည် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးရှိကြမှသာ အရှည်တည်တံ့နိုင်မည်၊ စည်ပင်ပြန့်ပွားနိုင်မည်၊ တိုးတက်ကြီးပွားနိုင်မည် ဖြစ်ပေသည်။ ထို့ကြောင့် ကိုယ်ပိုင်ပုဂ္ဂလိကကျောင်းကြီး ဆောက်လုပ်ကြရာ၌ အပြစ်ကြီး၊ အပြစ်ငယ်၊ အာပတ်ကြီး၊ အာပတ်ငယ်များ မသင့်အောင် ဆောက်လုပ်နိုင်ကြမှသာ အကျိုးများမည် ဖြစ်ကြပေသည်။

www.dhammadownload.com



အာပတ်တွေ မသင့်ရအောင် ပုဂ္ဂလိက မဟာလ္လကကျောင်းကြီး ဆောက်လုပ်မည့်ပုဂ္ဂိုလ်က သံဃာတော်များကို တောင်းပန်၍ ၂-နေရာဌာနတို့၌ ဥတ္တကမ္မဝါ ၂-ကြိမ် ဖတ်ပေးကြရပါသည်။

၁-နံပါတ်က သိမ်အတွင်း၌ ကျောင်းနေရာ ကြည့်ရှုပေးဖို့ရန် ဗျတ္တ=ထက်မြက်သောပုဂ္ဂိုလ်၊ ပဋိဗလ = စွမ်းနိုင်သောပုဂ္ဂိုလ်တို့ကို ရွေးချယ်၍ သိမ်အတွင်းမှာ ဥတ္တကမ္မဝါ ၁-ကြိမ် ဖတ်ပေးရပါသည်။

## ဥတ္တိဒုတိယကမ္မဝါ

**"သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဣတ္ထန္နာမော ( _ _ _ _ ) ဘိက္ခု မဟလ္လကံ**

www.dhammadownload.com



ဝိဟာရံ ကတ္တုကာမော သသာမိကံ အတ္တုဒ္ဒေသံ၊ သော သံဃံ ဝိဟာရဝတ္ထုဩလောကနံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣတ္ထန္နာမဥ္စ ဣတ္ထန္နာမဥ္စ (___)(___) ဘိက္ခူ သမ္မန္နေယျ ဣတ္ထန္နာမဿ (___) ဘိက္ခုနော ဝိဟာရဝတ္ထုံ ဩလောကေတုံ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဣတ္ထန္နာမော (_____) ဘိက္ခု မဟလ္လကံ ဝိဟာရံ ကတ္တုကာမော သသာမိကံ အတ္တုဒ္ဒေသံ၊ သော သံဃံ ဝိဟာရဝတ္ထုဩလောကနံ ယာစတိ၊ သံဃော ဣတ္ထန္နာမဥ္စ ဣတ္ထန္နာမဥ္စ (_____)(_____) ဘိက္ခူ သမ္မန္နတိ

www.dhammadownload.com



ဣတ္ထန္နာမဿ ( _ _ _ _ ) ဘိက္ခုနော ဝိဟာရဝတ္ထုံ ဩလောကေတုံ၊ ယဿာယသ္မတော ခမတိ ဣတ္ထန္နာမဿ စ ဣတ္ထန္နာမဿ စ ( _ _ _ _ ) ( _ _ _ _ ) ဘိက္ခူနံ သမ္မုတိ ဣတ္ထန္နာမဿ ( _ _ _ _ ) ဘိက္ခုနော ဝိဟာရဝတ္ထုံ ဩလောကေတုံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ သော ဘာသေယျ။

သမ္မတာ သံဃေန ဣတ္ထန္နာမော စ ဣတ္ထန္နာမော စ ( _ _ _ ) ( _ _ _ ) ဘိက္ခူ ဣတ္ထန္နာမဿ ( _ _ _ ) ဘိက္ခုနော ဝိဟာရဝတ္ထုံ ဩလောကေတုံ ခမတိ၊

www.dhammadownload.com



**သံဃဿ၊ တသ္မာ တုဏှီ၊ ဝေမေတံ ဓာရယာမီ"တိ။**

(ပါရာဇိကပါဠိ-၂၃၈)

ဗျတ္တ၊ ပဋိဗလပုဂ္ဂိုလ်တို့က မဟာလ္လကကျောင်း ကြီးဆောက်လုပ်မည့် နေရာဌာနသို့သွား၍ **အနာရမ္ဘ** = ဘေးရန်မရှိသည့်အကြောင်း၊ လှည်းတို့၊ ကုတင် ညောင် စောင်းတို့ လှည့်လည်နိုင်သော ဥပစာရှိသည့်အကြောင်း တို့ကို သံဃာတော်အား ပြန်၍ လျှောက်ထားကြရ ပေသည်။

၂-နံပါတ်က မဟာလ္လကကျောင်းကြီးဆောက် လုပ်မည့်ရဟန်းတော်က မဟာလ္လကကျောင်းကြီး ဆောက် လုပ်ဖို့ရာ နေရာဌာန ပြောကြားပေးဖို့ရန် သံဃာတော်ကို လျှောက်ထားတောင်းပန်ရပေသည်။ သံဃာတော်များက

www.dhammadownload.com



ဥတ်ကမ္မဝါစာဖတ်၍ ကျောင်းဆောက်မည့်နေရာကို ပြောကြားပေးကြရပါသည်။ သတ်မှတ်ပေးကြရပါသည်။

## ဥတ္တိဒုတိယကမ္မဝါ

"သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဣတ္ထန္နာမော ( ___ ) ဘိက္ခု မဟလ္လကံ ဝိဟာရံ ကတ္တုကာမော သဿာမိကံ အတ္တုဒ္ဒေသံ၊ သော သံဃံ ဝိဟာရဝတ္ထုဒေသနံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣတ္ထန္နာမဿ ( ___ ) ဘိက္ခုနော ဝိဟာရဝတ္ထုံ ဒေသေယျ၊ ဧသာ ဉတ္တိ။

www.dhammadownload.com



သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဣတ္ထန္နာမော (___) ဘိက္ခု မဟလ္လကံ ဝိဟာရံ ကတ္တုကာမော သဿာမိကံ အတ္တုဒ္ဒေသံ၊ သော သံဃံ ဝိဟာရဝတ္ထုဒေသနံ ယာစတိ၊ သံဃော ဣတ္ထန္နာမဿ (___) ဘိက္ခုနော ဝိဟာရဝတ္ထုံ ဒေသေတိ၊ ယဿာယသ္မတော ခမတိ၊ ဣတ္ထန္နာမဿ (___) ဘိက္ခုနော ဝိဟာရဝတ္ထုဿ ဒေသနာ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒေသိတံ သံဃေန ဣတ္ထန္နာမဿ (___) ဘိက္ခုနော ဝိဟာရဝတ္ထု၊ ခမတိ သံဃဿ၊ တသ္မာ တဏှီ၊ ဧဝမေတံ ဓာရယာမိ"တိ။

(ပါရာဇိကပါဠိ-၂၃၉)

www.dhammadownload.com



ဤကဲ့သို့ သံဃာတော်များက မဟာလ္လကကျောင်းကို ဆောက်လုပ်မည့်နေရာကို ကြည့်ရှုပေးခြင်း၊ ဆောက်လုပ်မည့်နေရာကို ပြောကြားပေးခြင်းတို့ဖြင့် သံဃာဒိသိသ်အာပတ်မှ လွတ်ကင်းကြရပေသည်။ မဟာလ္လကကျောင်းကြီး ဆောက်လုပ်မည့်နေရာ၌ ပိုးရွ၊ ခြပုန်းများ မရှိခြင်း၊ လှည်း၊ ညောင်စောင်းတို့ လှည့်လည်လောက်သော ဥပစာရှိမှ ဆောက်လုပ်ခြင်းတို့ဖြင့် ဒုက္ကဋ်အာပတ်များသင့်ခြင်းမှ လွတ်ကင်းကြရပေသည်။

## မဟာလ္လကကျောင်း ဆောက်လုပ်ရာ၌ သိကောင်းစရာ ဆောင်ပုဒ်

ဝတ္ထုကြည့်ပြား၊ ပြောကြားအစဉ်၊
ဘေးရန်မရှိ၊ လှည့်လည်ကြည့်ပင်၊

www.dhammadownload.com



ဤလေးအင်ကို၊ အစဥ်သိလျှင်၊
ကျောင်းကောင်းပင်၊ ဆင်ခြင်သိနိုင်သည်။

၁။ ဝတ္ထုကြည့်ဖြားဟူသည် ကျောင်းဆောက်ဖို့ရာ ဝတ္ထုနေရာကို ကြည့်ခြင်းပင် ဖြစ်ပေသည်။
၂။ ပြောကြားအစဥ်ဟူသည် ကျောင်းဆောက်ဖို့ရာ ဝတ္ထုနေရာကို အစဥ်ပြောကြားပေးရခြင်း ဖြစ်ပေသည်။
၃။ ဘေးရန်မရှိဟူသည် ပိုးရွ၊ ခြပုန်းစသော ဘေးရန်များ ရှိ၊ မရှိကို ကြည့်ရှုရခြင်း ဖြစ်ပေသည်။
၄။ လှည့်လည်ကြည့်ပင်ဟူသည် လှည်းလှည့်လည်လောက်သော ဥပစာရှိ၊ မရှိကို ကြည့်ရှုရခြင်းဟူသော ဤအင်္ဂါ ၄-ဖြာကို အစဥ်သဖြင့် သိကြရမည် ဖြစ်ပေသည်။

အကြင် မဟာလ္လကကျောင်းကြီးဆောက်လုပ်သောရဟန်းသည် ကျောင်းနေရာကိုလည်း ပြောကြား

www.dhammadownload.com



ခြင်းမရှိ၊ ဘေးရန်လည်းရှိ၏၊ လုည့်လည်လောက်သော ဥပစာလည်းမရှိမူ၍ မဟာလ္လကကျောင်းကြီး ဆောက်လုပ်၏။ ထိုရဟန်းသည် သံဃာဒိသိသ်အာပတ်နှင့် ဒုက္ကင့်အာပတ် ၂-ခုတို့သင့်လေ၏။

အကြင် မဟာလ္လကကျောင်းကြီးဆောက်လုပ်သောရဟန်းသည် ကျောင်းနေရာကိုလည်း ပြောကြားခြင်းမရှိ၊ ဘေးရန်လည်းရှိ၏၊ လှည့်လည်လောက်သော ဥပစာရှိ၏။ ထိုရဟန်းသည် သံဃာဒိသိသ်အာပတ်နှင့် ဒုက္ကင့်အာပတ် ၁-ခုသင့်၏။

အကြင် မဟာလ္လကကျောင်းကြီးဆောက်လုပ်သောရဟန်းသည် ကျောင်းနေရာကိုလည်း ပြောကြားခြင်းမရှိ၊ ဘေးရန်လည်းမရှိမူ၍ လှည့်လည်လောက်သော

www.dhammadownload.com



ဥပစာလည်းမရှိ။ ထိုရဟန်းသည် သံဃာဒိသိသ်အာပတ်နှင့် ဒုက္ကဋ်အာပတ် ၁-ခုသင့်၏။

အကြင် မဟာလ္လကကျောင်းကြီးဆောက်လုပ်သောရဟန်းသည် ကျောင်းနေရာကိုလည်း ပြောကြားခြင်းမရှိ၊ ဘေးရန်လည်းမရှိ၊ လှည့်လည်လောက်သောဥပစာလည်းရှိ၏။ ထိုရဟန်းသည် သံဃာဒိသိသ်အာပတ် ၁-ခုသာသင့်၏။

အကြင် မဟာလ္လကကျောင်းကြီးဆောက်လုပ်သောရဟန်းသည် ကျောင်းဆောက်မည့်နေရာကိုတော့ပြောကြား၏၊ ဘေးရန်လည်းရှိ၏၊ လှည့်လည်လောက်သောဥပစာလည်းမရှိ။ ထိုရဟန်းသည် ဒုက္ကဋ်အာပတ် ၂-ခုသာသင့်၏။ သံဃာဒိသိသ်အာပတ်မသင့်။

အကြင် မဟာလ္လကကျောင်းကြီးဆောက်လုပ်သောရဟန်းသည် ကျောင်းနေရာကိုတော့ ပြောကြား

www.dhammadownload.com



ခြင်းရှိ၏၊ ဘေးရန်အန္တရာယ်တော့ရှိ၏၊ လှည့်လည်လောက်သော ဥပစာရှိ၏။ ထိုရဟန်းအား ဒုက္ကဋ်အာပတ် ၁-ခုသာသင့်၏။ သံဃာဒိသိသ်အာပတ်မသင့်။

အကြင် မဟာလ္လကကျောင်းကြီးဆောက်လုပ်သောရဟန်းသည် ကျောင်းနေရာကိုတော့ ပြောကြားခြင်းရှိ၏၊ ဘေးရန်အန္တရာယ်လည်းမရှိ၊ လှည့်လည်လောက်သော ဥပစာတော့မရှိ။ ထိုရဟန်းအား ဒုက္ကဋ်အာပတ် ၁-ခုသာသင့်၏။ သံဃာဒိသိသ်အာပတ်မသင့်။

အကြင် မဟာလ္လကကျောင်းကြီးဆောက်လုပ်သောရဟန်းသည် ကျောင်းနေရာကိုလည်း ပြောကြားခြင်းရှိ၏၊ ဘေးရန်လည်းမရှိ၊ လှည့်လည်လောက်သော ဥပစာလည်းရှိ၏။ ထိုရဟန်းအား **အနာပတ္တိ** = အာပတ်မသင့်။

www.dhammadownload.com



ထို့ကြောင့် မဟာလ္လကကျောင်းကြီးဆောက်လုပ်သောရဟန်းသည် ကျောင်းနေရာကိုလည်း ပြောကြားရမည်၊ ဘေးရန်မရှိသည့် နေရာကိုလည်း ရွေးချယ်ရမည်၊ လှည့်လည်လောက်သော ဥပစာရှိသော နေရာကိုလည်း ရွေးချယ်ရမည်။ ထိုသို့ရွေးချယ်နိုင်မှသာ မဟာလ္လကကျောင်းကြီးဆောက်လုပ်ရာ၌ အကျိုးရှိမည် ဖြစ်ပေသည်။

## နိဂုံးဆောင်ပုဒ်

ဝတ္ထုကြည့်ပြား၊ ပြောကြားအစဉ်၊
ဘေးရန်မရှိ၊ လှည့်လည်ကြည့်ပင်၊
ဤလေးအင်ကို၊ အစဉ်သိလျှင်၊
ကျောင်းကောင်းပင်၊ ဆင်ခြင်သိနိုင်သည်။
(ပါရာဇိကပါဠိ-၂၄၀)

သဒ္ဓမ္မရံသီရိပ်သာဆရာတော်